စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၂၈)


(HS–Code 080450)

Fresh or dried guavas, mangoes and mangosteens













**October 2019**

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

PRODUCT : 080450 Fresh or dried guavas, mangoes and mangosteens

**(HS-Code** 080450)

Fresh or dried guavas, mangoes and mangosteens


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နိုင်းယှဉ် လေ့လာချက်

၂၀၁၈ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ


**Fig 1: Top 10 World importers in 2018**

| No | Importers | Value Imported in 2018 (US$,000) | Quantity Imported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | United States of America | 637294 | 500467 | 1273 | 20.3 |
| 2 | China | 370644 | 170668 | 2172 | 11.8 |
| 3 | Netherlands | 287447 | 211456 | 1359 | 9.2 |
| 4 | Germany | 224879 | 101630 | 2213 | 7.2 |
| 5 | United Kingdom | 179473 | 86140 | 2084 | 5.7 |
| 6 | France | 145285 | 66889 | 2172 | 4.6 |
| 7 | Viet Nam | 133668 | 137869 | 970 | 4.3 |
| 8 | Canada | 101821 | 67283 | 1513 | 3.2 |
| 9 | Spain | 100763 | 53489 | 1884 | 3.2 |
| 10 | United Arab Emirates | 87266 | 78723 | 1109 | 2.8 |
| 11 | other | 871004 | 658406 | -15277 | 27.7 |
| 12 | World Total | 3139544 | 2133020 | 1472 | 100 |

**Source : ITC TradeMap**




Source : ITC TradeMap




Source : ITC TradeMap

၁။ ၂၀၁၈ ခုနှစ်တွင် (HS.Code–080450) မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီးတို့အား အများဆုံး တင်သွင်းခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အမေရိကန်၊ တရုတ်၊ နယ်သာလန်စ်၊ ဂျာမဏီ၊ အင်္ဂလန်၊ ပြင်သစ်၊ ဗီယက်နမ်၊ ကနေဒါ၊ စပိန်၊ ယူအေအီး တို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်၏ ၂၀၁၈ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၆၃၇ ဒသမ ၂၉၄ သန်းရှိပြီး ကမ္ဘာ့မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီးတို့  ဈေးကွက်၏ ဈေးကွက် ဝေစု ၂၀ ဒသမ ၃ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် တရုတ်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၃၇၀ ဒသမ ၆၄၄ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၁၁ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ နယ်သာလန်စ်က ကန်ဒေါ်လာ ၂၈၇ ဒသမ ၄၄၇ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၉ ဒသမ ၂ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရှိသည်။ အလားတူ ဂျာမဏီ၊ အင်္ဂလန်၊ ပြင်သစ်၊ ဗီယက်နမ်၊ ကနေဒါ၊ စပိန်၊ ယူအေအီးတို့က အစဉ်လိုက် ရပ်တည်လျက် ရှိကြသည်။ ကမ္ဘာ့မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်သွင်းသည့်နိုင်ငံပေါင်း (၁၈၇) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် ဂျာမဏီက ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး တရုတ်နှင့် ပြင်သစ်က ဒုတိယ၊ အင်္ဂလန်က တတိယ၊ စပိန်က စတုတ္ထနှင့် ကနေဒါက ပဉ္စမတို့ ဖြစ်ကြသည်။

### မြန်မာ့ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီးတင်ပို့သည့် ထိပ်တန်း (၈) နိုင်ငံ (၂၀၁၈)

**Fig 2: Top 8 Importers of Myanmar in 2018**

| Importer Countries | Value Imported in 2018 (US$,000) | Quantity Imported in 2018 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 9510 | 14759 | 644 | 98.9 |
| Thailand | 37 | 50 | 740 | 0.4 |
| Singapore | 20 | 22 | 909 | 0.2 |
| Japan | 20 | 14 | 1429 | 0.2 |
| India | 17 | 80 | 213 | 0.2 |
| Russian Federation | 14 | 11 | 1273 | 0.1 |
| Hong Kong, China | 1 | 0 | | 0 |
| Malaysia | 1 | 1 | 1000 | 0 |

Source : ITC TradeMap

၂။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီးအား အများဆုံးတင်ပို့ရောင်းချခဲ့သည့် နိုင်ငံများမှာ ITC Trade Map အရ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ အိန္ဒိယ၊ ရုရှား၊ ဟောင်ကောင် (တရုတ်)၊ မလေးရှား တို့ဖြစ်ကြသည်။

**၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံကပြည်ပသို့ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်ပို့မှု**

၃။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

**၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံကပြည်ပသို့ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်ပို့မှုတန်ဖိုးပြဇယား**

**Fig 3: List of exporters for the selected product**

Product: 080450 Fresh or dried guavas, mangoes and mangosteens

**Unit : US Dollar thousand**

| No | Exporters | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 |
|---|---|---|---|---|---|---|
| 1 | Mexico | 282377 | 328483 | 378501 | 454873 | 444669 |
| 2 | Netherlands | 253715 | 222797 | 278704 | 316578 | 351230 |
| 3 | Thailand | 199320 | 172973 | 166367 | 275082 | 311710 |
| 4 | Peru | 139347 | 195875 | 199361 | 191671 | 246731 |
| 5 | Brazil | 164211 | 184934 | 180331 | 205456 | 177709 |
| 6 | India | 196136 | 183616 | 202565 | 182433 | 160574 |
| 7 | Spain | 79040 | 64550 | 70426 | 87108 | 108777 |
| 8 | Pakistan | 41719 | 40901 | 65835 | 46326 | 73429 |
| 9 | Ghana | | | 2223 | 59326 | 68149 |
| 10 | Philippines | 128020 | 91011 | 66865 | 82591 | 60522 |
| 11 | Myanmar | 6925 | 10167 | 11639 | 10930 | 9620 |
| 12 | other | 665512 | 666529 | 759884 | 1031738 | 734325 |
| 13 | World Total | 2156322 | 2161836 | 2382701 | 2944112 | 2747445 |

**Source: ITC TradeMap**

မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၃၇) တွင်ရှိပါသည်။

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်ပို့မှုပမာဏ ပြဇယား

**Fig 4: List of exporters for the selected product**

Product: 080450 Fresh or dried guavas, mangoes and mangosteens

| No | Exporters | 2014 | 2015 | 2016 | 2017 | 2018 |
|---|---|---|---|---|---|---|
| | | Exported quantity , Tons | Exported quantity , Tons | Exported quantity , Tons | Exported quantity , Tons | Exported quantity , Tons |
| 1 | Mexico | 289647 | 331148 | 369314 | 435815 | 395539 |
| 2 | Thailand | 246676 | 218816 | 183290 | 244481 | 260003 |
| 3 | Peru | 120777 | 133930 | 161136 | 162653 | 199350 |
| 4 | Netherlands | 120298 | 104343 | 133445 | 155506 | 183669 |
| 5 | Brazil | 133219 | 156557 | 154383 | 179744 | 170631 |
| 6 | India | 206362 | 173814 | 193383 | 172441 | 153284 |
| 7 | Pakistan | 77333 | 43714 | 82658 | 35579 | 70786 |
| 8 | Spain | 35011 | 28417 | 34184 | 41523 | 60694 |
| 9 | Ecuador | 46176 | 49287 | 63177 | 59006 | 59825 |
| 10 | Cambodia | 8 | 58 | 332 | No Quantity | 54825 |
| 11 | Myanmar | 4507 | 5865 | 6101 | 31775 | 14937 |
| 12 | other | 491369 | 482236 | 556927 | 495331 | 499787 |
| 13 | World Total | 1771383 | 1728185 | 1938330 | 2013854 | 2123330 |

**Source: ITC TradeMap**

### မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၂၄) တွင်ရှိပါသည်။

၄။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်ပို့သောနိုင်ငံ ၁၆၆ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၂၄၊ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၃၇ နေရာတွင်ရှိနေပါသည်။

**အာရှထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)**

**Fig 5: Top 10 Asia Importers in 2018**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| China | 370644 | 170668 | 2172 | 11.8 |
| Viet Nam | 133668 | 137869 | 970 | 4.3 |
| United Arab Emirates | 87266 | 78723 | 1109 | 2.8 |
| Korea, Republic of | 68827 | 17383 | 3959 | 2.2 |
| Russian Federation | 50815 | 25683 | 1979 | 1.6 |
| Saudi Arabia | 42106 | 53572 | 786 | 1.3 |
| Singapore | 35729 | 26824 | 1332 | 1.1 |
| Japan | 35361 | 7692 | 4597 | 1.1 |
| Oman | 24498 | 23826 | 1028 | 0.8 |
| Malaysia | 23786 | 62411 | 381 | 0.8 |

**Source : ITC TradeMap**


၅။ ၂၀၁၈ ခုနှစ်တွင် မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီးကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသောနိုင်ငံများမှာ တရုတ်၊ ဗီယက်နမ်၊ ယူအေအီး၊ ကိုရီးယား၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ စင်ကာပူ၊ ဂျပန်၊ အိုမန်၊ မလေးရှား တို့ဖြစ်ကြသည်။ တရုတ်သည် ၂၀၁၈ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၃၇၀ ဒသမ ၆၄၄ သန်းဖိုးနှင့် အရေအတွက် ၁၇၀၆၆၈ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ဗီယက်နမ်က ကန်ဒေါ်လာ ၁၃၃ ဒသမ ၆၆၈ သန်းဖိုးနှင့် အရေအတွက် ၁၃၇၈၆၉ တန်ဖြင့် ဒုတိယအများဆုံး၊ ယူအေအီးက ကန်ဒေါ်လာ ၈၇ ဒသမ ၂၆၆ သန်းဖိုး၊ အရေအတွက် ၇၈၇၂၃ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ကိုရီးယား၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ စင်ကာပူ၊ ဂျပန်၊ အိုမန်၊ မလေးရှား တို့က အစဉ်လိုက်ရှိကြသည်။

ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

Fig 6: Top 10 World exporters in 2018

| Exporter Countries | Value Exported in 2018 (US$,000) | Quantity Exported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Mexico | 444669 | 395539 | 1124 | 16.2 |
| Netherlands | 351230 | 183669 | 1912 | 12.8 |
| Thailand | 311710 | 260003 | 1199 | 11.3 |
| Peru | 246731 | 199350 | 1238 | 9 |
| Brazil | 177709 | 170631 | 1041 | 6.5 |
| India | 160574 | 153284 | 1048 | 5.8 |
| Spain | 108777 | 60694 | 1792 | 4 |
| Pakistan | 73429 | 70786 | 1037 | 2.7 |
| Ghana | 68149 | 10340 | 6591 | 2.5 |
| Philippines | 60522 | 17104 | 3538 | 2.2 |
| Myanmar | 9620 | 14937 | 644 | 0.4 |


Source : ITC TradeMap




Source : ITC TradeMap

List of exporting countries for the selected product in 2018

Product : 080450 Fresh or dried guavas, mangoes and mangosteens




**Source : ITC TradeMap**

၆။ ၂၀၁၈ ခုနှစ်တွင် မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး (HS.Code–080450) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ မက္ကဆီကို၊ နယ်သာလန်စ်၊ ထိုင်း၊ ပီရူး၊ ဘရာဇီး၊ အိန္ဒိယ၊ စပိန်၊ ပါကစ္စတန်၊ ဂါနာ၊ ဖိလစ်ပိုင်တို့ဖြစ်ကြသည်။ မက္ကဆီကိုက ကန်ဒေါ်လာ ၄၄၄ ဒသမ ၆၆၉ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၆ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရသည်။ ဒုတိယနေရာရှိ နယ်သာလန်စ်က ကန်ဒေါ်လာ ၃၅၁ ဒသမ ၂၃၀ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ တတိယနေရာရှိ ထိုင်းက ကန်ဒေါ်လာ ၃၁၁ ဒသမ ၇၁၀ သန်းဖိုးနှင့်ဈေးကွက်ဝေစု ၁၁ ဒသမ ၃ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ပီရူး၊ ဘရာဇီး၊ အိန္ဒိယ၊ စပိန်၊ ပါကစ္စတန်၊ ဂါနာ၊ ဖိလစ်ပိုင်တို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် ဂါနာက ပထမ၊ ဖိလစ်ပိုင်က ဒုတိယ၊ နယ်သာလန်စ်က တတိယ၊ စပိန်က စတုတ္ထနှင့် ပီရူးက ပဉ္စမ တို့ဖြစ်ကြသည်။ ကမ္ဘာ့ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်ပို့သောနိုင်ငံ (၁၃၃) နိုင်ငံရှိပြီး မြန်မာနိုင်ငံက အဆင့် (၃၇)နေရာတွင်ရှိသည်။

**EU နိုင်ငံများမှ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်သွင်းမှု**

၇။ ၂၀၁၈ ခုနှစ်တွင် မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး အများဆုံးတင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ နယ်သာလန်စ်၊ ဂျာမဏီ၊ အင်္ဂလန်၊ ပြင်သစ်၊ စပိန်တို့ဖြစ်ကြပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် (၅) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၇

ခုနှစ်နှင့် ၂၀၁၈ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Fig 7: Top Five EU Importers with the Biggest Growth in value Between 2014 and 2018**

| Importer | Annual growth in value between 2014-2018 (%) | Annual growth in value between 2017-2018 (%) |
|---|---|---|
| Netherlands | 2 | 25 |
| Germany | 8 | 11 |
| United Kingdom | 7 | 5 |
| France | 10 | 9 |
| Spain | 14 | 22 |

**Source : ITC TradeMap**

၈။ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး အများဆုံး တင်သွင်းသော EU ထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၈ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့် တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် –

**Fig 8: Top Five Fresh or dried guavas, mangoes and mangosteens Importers of EU in 2018**

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2018 (USD thousand) | Quantity imported in 2018 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 1230549 | 666898 | 1845 | 39.2 |
| Netherlands | 287447 | 211456 | 1359 | 9.2 |
| Germany | 224879 | 101630 | 2213 | 7.2 |
| United Kingdom | 179473 | 86140 | 2084 | 5.7 |
| France | 145285 | 66889 | 2172 | 4.6 |
| Spain | 100763 | 53489 | 1884 | 3.2 |

**Source : ITC TradeMap**

၉။ ၂၀၁၈ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး တင်သွင်းမှု ပမာဏသည် ၆၆၆၈၉၈ တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၂၃၀ ဒသမ ၅၄၉ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၃၉ ဒသမ ၂ ရာခိုင်နှုန်းဈေးကွက် ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် စင်ကာပူ၊ နယ်သာလန်စ်၊ ဂျာမဏီ၊ အင်္ဂလန်၊ ပြင်သစ်၊ စပိန်တို့က MFN duties သုညရာခိုင်နှုန်း၊ တရုတ်က MFN duties သုညဒသမ ၁၅ ရာခိုင်နှုန်း၊ ASEAN Countries နှင့် 3 LDC Countriesတို့ အတွက် သုည ရာခိုင်နှုန်း၊ အိန္ဒိယက MFN duties သုညဒသမ ၃ ရာခိုင်နှုန်း၊ LDC Countries အတွက် သုည ဒသမ ၂၅၅ ရာခိုင်နှုန်း၊ ဗီယက်နမ်က MFN duties သုညဒသမ ၂၅ ရာခိုင်နှုန်း၊ ASEAN Countries နှင့် AANZFTA Countriesတို့ အတွက် သုည ရာခိုင်နှုန်း၊ ရုရှားက MFN duties သုညဒသမ ၀၃ ရာခိုင်နှုန်း၊ LDC Countries အတွက် သုည ရာခိုင်နှုန်းသတ်မှတ်ထားကြောင်း လေ့လာ တွေ့ရှိရပါသည်။

**Tariff Rate of** Fresh or dried guavas, mangoes and mangosteens

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| Singapore | MFN duties (Applied) | 0 |
| Netherland | MFN duties (Applied) | 0 |
| Germany | MFN duties (Applied) | 0 |
| United Kingdom | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |
| Spain | MFN duties (Applied) | 0 |
| china | MFN duties (Applied) | 0.15 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for 3 Least Developed Countries | 0 |
| India | MFN duties (Applied) | 0.3 |
| | Preferential tariff for Least Developed Countries | 0.255 |
| vietnam | MFN duties (Applied) | 0.25 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for AANZFTA countries | 0 |
| Russian | MFN duties (Applied) | 0.03 |
| | Preferential tariff for Least Developed Countries | 0 |

**Source: Market Access Map**

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်
## တရုတ်ဈေးကွက်

Fig 9 : Top 10 world exporters to china in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Thailand | 109256 | 91730 | 1191 | 69.1 |
| Hong Kong, China | 13297 | 8828 | 1506 | 8.4 |
| Indonesia | 10650 | 6228 | 1710 | 6.7 |
| Myanmar | 9510 | 14759 | 644 | 6 |
| Taipei, Chinese | 6287 | 2720 | 2311 | 4 |
| India | 3723 | 3152 | 1181 | 2.4 |
| Philippines | 2800 | 296 | 9459 | 1.8 |
| Australia | 960 | 236 | 4068 | 0.6 |
| Malaysia | 656 | 613 | 1070 | 0.4 |
| Canada | 516 | 346 | 1491 | 0.3 |

Source : ITC TradeMap

## ထိုင်းဈေးကွက်

Fig 10: Top 7 world exporters to Thailand in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Indonesia | 7162 | 10620 | 674 | 59.6 |
| Malaysia | 4335 | 5604 | 774 | 36.1 |
| Philippines | 371 | 82 | 4524 | 3.1 |
| India | 55 | 41 | 1341 | 0.5 |
| Australia | 38 | 4 | 9500 | 0.3 |
| Myanmar | 37 | 50 | 740 | 0.3 |
| United States of America | 18 | 2 | 9000 | 0.1 |

Source : ITC TradeMap

## စင်ကာပူဈေးကွက်

Fig 11: Top 10 world exporter to Singapore in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Thailand | 14800 | 11902 | 1243 | 41.4 |
| Malaysia | 5965 | 8751 | 682 | 16.7 |
| Australia | 5478 | 2118 | 2586 | 15.3 |
| India | 2934 | 1564 | 1876 | 8.2 |
| Philippines | 2002 | 218 | 9183 | 5.6 |
| Indonesia | 1390 | 671 | 2072 | 3.9 |
| Taipei, Chinese | 803 | 376 | 2136 | 2.2 |
| South Africa | 745 | 409 | 1822 | 2.1 |
| Pakistan | 632 | 274 | 2307 | 1.8 |
| China | 430 | 278 | 1547 | 1.2 |
| Myanmar | 198 | 88 | 2250 | 0.6 |

Source : ITC TradeMap

## အိန္ဒိယဈေးကွက်

Fig 12: Top 6 world exporter to India in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Thailand | 222 | 61 | 3639 | 84.7 |
| Myanmar | 17 | 80 | 213 | 6.5 |
| South Africa | 15 | 5 | 3000 | 5.7 |
| Egypt | 6 | 3 | 2000 | 2.3 |
| United Arab Emirates | 1 | 0 | | 0.4 |
| Brazil | 1 | 0 | | 0.4 |

Source : ITC TradeMap

ရုရှားဈေးကွက်

Fig 13: Top 10 world exporter to Russian in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Brazil | 19218 | 10449 | 1839 | 37.8 |
| Peru | 11017 | 5956 | 1850 | 21.7 |
| Thailand | 4808 | 1034 | 4650 | 9.5 |
| China | 3876 | 2313 | 1676 | 7.6 |
| Egypt | 3078 | 1929 | 1596 | 6.1 |
| Viet Nam | 1954 | 395 | 4947 | 3.8 |
| Israel | 1834 | 1044 | 1757 | 3.6 |
| Côte d'Ivoire | 1684 | 1069 | 1575 | 3.3 |
| Guatemala | 831 | 406 | 2047 | 1.6 |
| South Africa | 506 | 300 | 1687 | 1 |
| Myanmar | 61 | 14 | 4357 | 0.1 |

Source : ITC TradeMap

ဗီယက်နမ်ဈေးကွက်

Fig 14: Top 7 world exporter to Vietnam in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Thailand | 114696 | 122146 | 939 | 85.8 |
| China | 13030 | 9860 | 1322 | 9.7 |
| Indonesia | 5571 | 5777 | 964 | 4.2 |
| Hong Kong, China | 313 | 85 | 3682 | 0.2 |
| Singapore | 52 | 1 | 52000 | 0 |
| United States of America | 3 | 0 | | 0 |
| South Africa | 3 | 0 | | 0 |

Source : ITC TradeMap

## နယ်သာလန်နိုင်ငံဈေးကွက်

Fig 15: Top 10 world exporter to Netherland in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Brazil | 95197 | 74455 | 1279 | 33.1 |
| Peru | 95092 | 73768 | 1289 | 33.1 |
| Côte d'Ivoire | 11234 | 11229 | 1000 | 3.9 |
| Senegal | 9914 | 7612 | 1302 | 3.4 |
| Dominican Republic | 9823 | 7374 | 1332 | 3.4 |
| Spain | 9813 | 5226 | 1878 | 3.4 |
| France | 8395 | 3936 | 2133 | 2.9 |
| Germany | 7384 | 4991 | 1479 | 2.6 |
| Burkina Faso | 5960 | 2003 | 2976 | 2.1 |
| Mali | 4820 | 3740 | 1289 | 1.7 |

Source : ITC TradeMap

## စပိန်ဈေးကွက်

Fig 16: Top 10 world exporter to Spain in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Peru | 38967 | 14468 | 2693 | 38.7 |
| Brazil | 31027 | 23882 | 1299 | 30.8 |
| Portugal | 7785 | 4001 | 1946 | 7.7 |
| Mexico | 6704 | 1828 | 3667 | 6.7 |
| Netherlands | 5429 | 4861 | 1117 | 5.4 |
| South Africa | 2639 | 218 | 12106 | 2.6 |
| Burkina Faso | 1996 | 165 | 12097 | 2 |
| Senegal | 1324 | 1404 | 943 | 1.3 |
| France | 1029 | 885 | 1163 | 1 |
| Côte d'Ivoire | 701 | 500 | 1402 | 0.7 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး အများဆုံး တင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီး အများဆုံး ဝယ်ယူသော နိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၂၀ ဒသမ ၂ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ တရုတ် ဈေးကွက်ဝေစု ၁၁ ဒသမ ၈ ရာခိုင်နှုန်း၊ တတိယ နယ်သာလန်စ်က ဈေးကွက်ဝေစု ၉ ဒသမ ၂ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံမှ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီးများကို ယခုလက်ရှိအချိန်တွင် အများဆုံး တင်ပို့နေသော နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ အိန္ဒိယ၊ ရုရှား ၊ ဟောင်ကောင် (တရုတ်) ၊ မလေးရှား တို့ဖြစ်ကြောင်း ITC Trade Data အရသိရသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ မာလကာသီး၊ သရက်သီးနှင့် မင်းဂွတ်သီးကို အများဆုံးဝယ်ယူသော နိုင်ငံမှာ တရုတ်ဖြစ်ပြီး ဈေးကွက်ဝေစု ၉၈ ဒသမ ၉ ရာခိုင်နှုန်း ရရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ပို့ကုန်ထိပ်တန်း ၁၀ နိုင်ငံစာရင်း မဝင်သော်လည်း အိန္ဒိယသို့ တင်ပို့မှုတွင် အဆင့် (၂)၊ တရုတ်သို့ တင်ပို့မှုတွင် အဆင့် (၄)၊ ထိုင်းသို့ တင်ပို့မှုတွင် အဆင့် (၆)၊ စင်ကာပူသို့ တင်ပို့မှုတွင် အဆင့် (၁၁) နှင့် မလေးရှားသို့ တင်ပို့မှုတွင် အဆင့် (၁၅) ၊ ရုရှားသို့ တင်ပို့မှုတွင် အဆင့် (၂၀)၊ ဟောင်ကောင် (တရုတ်) သို့ တင်ပို့မှုတွင် အဆင့် (၂၄) ၊ ဂျပန်သို့ တင်ပို့မှုတွင် အဆင့်(၂၅)နေရာများတွင် စာရင်းဝင်လျက်ရှိသည်။ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ စင်ကာပူ၊ ရုရှား တို့သည် အိမ်နီးချင်း အာရှနိုင်ငံများဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း တို့ကြောင့် လက်ရှိဈေးကွက် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ စင်ကာပူ၊ ရုရှားတို့သို့ ဈေးကွက် တိုးချဲ့သင့်ပါသည်။ ဗီယက်နမ်သည် ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်နေခြင်း၊ နယ်သာလန်စ်၊ စပိန်တို့သည် ကမ္ဘာ့ဝယ်လိုအားနှင့် အီးယူထိပ်တန်းနိုင်ငံဖြစ်နေခြင်း၊ အခွန်နည်းပါးခြင်း တို့ကြောင့် ဈေးကွက် ထိုးဖောက်သင့်သော နိုင်ငံများဖြစ်ပါသည်။